# ကွယ်လွန်သူအား ရည်စူး၍ အလှူဒါန ပြုလုပ်နည်း

ပြည်ကျော်လွင် (ပညာရေး)

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ဘာသာရေးဆိုင်ရာခွင့်ပြုချက် | - | (၃၇၃/၂၀၀၀)(၆) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | (၄၄၇/၂၀၀၀)(၈) |
| ထုတ်ဝေခြင်း | - | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | - | ၂၀၀၀ပြည့်နှစ်၊ ဩဂုတ်လ |
| အုပ်ရေ | - | ၃၀၀၀ |
| ထုတ်ဝေသူ | - | ဒေါ်ရွှေအိမ်(တိုင်းလင်းစာပေ)<br>အမှတ်၈/၉၅၊ အောင်သိဒ္ဓိလမ်း<br>စော်ဘွားကြီးကုန်း၊အင်းစိန်။ |
| ပုံနှိပ်သူ | - | ဝင်းထွန်းပုံနှိပ်တိုက်<br>(၃၇)၊ ရေကျော်လမ်းမကြီး၊<br>ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချီရေး | - | ဒေါ်ညွန့်ဝေ၊ ပိဋကတ်စာအုပ်ဆိုင်<br>အမှတ် ၃၉/၄၀၊ ရွှေတိဂုံဈေးတော်ရုံသစ်၊<br>တောင်ဘက်မုဒ်၊ ဒဂုံစာတိုက်၊ ရန်ကုန်။ |
| တန်ဖိုး | - | ဓမ္မဒါန |

## ကွယ်လွန်သူအား ရည်စူး၍ အလှူဒါနပြုလုပ်နည်း

### ရှိခိုးဦးခိုက်ကန်တော့ခြင်း

ကျွန်ုပ်၏ သာသနာပြု သတ္တဝါကယ် လုပ်ငန်းများကို မေတ္တာဖြင့် စောင့်ရှောက်တော်မူကြသော၊ အထက်ပုဂ္ဂိုလ်များ အားလည်းကောင်း၊ ဤစာမူကို မေတ္တာဖြင့် ဖတ်ရှု၊ တည်းဖြတ်၊ ဖြည့်စွက်၊ အကြံပြုတော်မူကြသော ကျေးဇူးရှင် ဆရာတော်များ ဖြစ်ကြသည့်၊

ကမ္ဘာအေး တိပိဋက မဟာဂန္ဓာရုံ ကျောင်းတိုက် ဆရာတော် ဘုရားအားလည်းကောင်း ပုဖွန်တောင် ရွှေကျင်ကျောင်းတိုက် ဆရာတော်ဘုရား အားလည်းကောင်း၊ ရွှေဘုန်းပွင့်ဘုရား၊ ကျောင်းကြီးတိုက် ဆရာတော်ဘုရား အားလည်းကောင်း

ကျွန်ုပ်အား မွန်မြတ်လှစွာသော ၊ သာသနာပြု သတ္တဝါကယ် ပညာရပ်များကို စိတ်ရှည်စွာ သင်ကြားပြသပေးသော ဝိဇ္ဇာမိုရ်၊ ပြည်လုံးချမ်းသာ၊ ဆရာကျော်ကြီး ၏ တပည့်ရင်း၊ ရန်ကုန်မြို့နေ ဆရာကြီးဦးတင်လှ အားလည်းကောင်း၊ ကျွန်ုပ်၏ ကျေးဇူးရှင် မိဘများနှင့် သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများ အားလည်းကောင်း။ အကြိမ်ကြိမ် ရှိခိုးဦးခိုက် ကန်တော့အပ်ပါသည်။

ဓမ္မဒါန လှူဒါန်းလိုလျှင် ဆက်သွယ်မှာကြားရန်။

ဒေါ်ကြူကြူဝင်း၊ ၂၉၊ ရေကျော်လမ်းမ၊

ပုဖွန်တောင် ဖုန်း-၇၀၉၅၁၉ အထူးနှုန်းဖြင့် စီစဉ်ပေးပါမည်။

## ရည်ရွယ်ချက်

ညီအစ်ကိုမောင်နှမ သံယောဇဉ်၊ သားသမီး သံယောဇဉ်၊ ပစ္စည်း သံယောဇဉ်တို့ဖြင့် အယူလွဲ၍ ကွယ်လွန်သွားကြသော သူများသည် ပြိတ္တာဘုံသို့ မထင်မှတ်ဘဲ ရောက်ရှိတတ် ကြပါသည်။ ကျန်ရစ်သူများက အလှူဒါန ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့အတွက် အကျိုး သက်ရောက်မှု ရှိစေရန် ရည်ရွယ်ပါသည်။

သေခြင်းတရားသည် မည်သူနှင့်မျှ မကင်းနိုင်ကြပါ။ မိသားစုများတွင် နာရေးကိစ္စ ကြုံတွေ့လာကြသော် ကွယ်လွန်သူအတွက် ရည်စူး၍ ရက်လည်ဆွမ်း၊ တစ်လပြည့်ဆွမ်း၊ နှစ်ပတ်လည်အလှူ စသည့် အလှူဒါနမျိုးစုံကို ပြုလုပ်ကြရာတွင် နီးစပ်ရာ အတွေ့အကြုံ ရှိသူများကို မေးမြန်းပြီး ၊ စမ်းတဝါးဝါးဖြင့် ပြုလုပ်နေကြသည်ကို တွေ့ကြရပါသည်။

အချို့သည် မိရိုးဖလာ ထုံးစံအရ တာဝန်ကျေရုံ ပြီးစလွယ် ဖြစ်ကတတ်ဆန်း ပြုလုပ်နေကြသည် ကိုလည်း ဝမ်းနည်းဖွယ် တွေ့ရပါသည်။ နည်းစနစ်ကျ ပြုလုပ်တတ်သူ နည်းပါးလှပြီး လုပ်နည်းလုပ်ဟန် မပြည့်စုံမှု၊ မမှန်ကန်မှုများ ရှိနေကြသည်ကိုလည်း မကြာခဏ တွေ့ရတတ်ပါသည်။

ထိုအခါ ကွယ်လွန်သူသည် ၎င်းအတွက် ရည်စူး၍ ပြုလုပ်သော အလှူဒါန၏ အကျိုးတရားကို အပြည့်အဝမရရှိဘဲ နိမ့်ကျသော ဘုံဘဝသို့ ရောက်နေခဲ့သော်လည်း မကျွတ်မလွတ်နိုင်ဘဲ ၎င်းဘဝတွင် နှစ်ပေါင်းများစွာ ကျင်လည်နေရ တတ်ပါသည်။

ကျန်ရစ်သူများက နည်းစနစ်မှန်ကန်စွာ အလှူဒါနပြုလုပ်နိုင်ကြသော် ထိုသို့သော ကွယ်လွန်သွားကြသည့် မကျွတ်မလွတ်သေးသူ (၇)ရက်သားသမီးများသည် အလှူဒါန ပြုလုပ်ရာသို့ တရားနာကြွရောက်ပြီး သာဓု ခေါ်ဆိုနိုင်ကြပေမည်။ ထိုအခါ နိမ့်ကျသော ဘုံဘဝမှ လွန်မြောက်ပြီး ကောင်းမွန်သော ဘုံဘဝသို့ ကူးပြောင်းသွားနိုင်ကြပါမည်။

ဤသို့သော စေတနာဖြင့် သုံးနှစ်ခန့် အချိန်ယူသောအခါ အမျိုးမျိုးသော လေ့လာ မေးမြန်း၊ သုတေသန ပြုလုပ်ပြီး ဤစာတမ်း ဖြစ်မြောက်အောင် တပတ်တကုတ် ကြိုးကြိုးစားစား ပြုစုထားပါသည်။

အကယ်၍ ကွယ်လွန်သူသည် သာမှခေါ်နိုင်၍ မရနိုင်သော ဘုံဘဝသို့ ရောက်ရှိပါက ၎င်းအတွက် ရည်စူး၍ ပြုလုပ်သောအလှူ၏ အကျိုးသက်ရောက်မှုကို ကွယ်လွန်သူက ရယူနိုင်စွမ်း မရှိသော်လည်း အလှူပြုလုပ်သူများ အတွက်မူ ရသင့်သော ကုသိုလ် အကျိုးတရား များကို ရရှိနိုင်မည်သာ ဖြစ်ပါသည်။

## လုပ်ဆောင်ရန် (၁)

### (ကြိုတင် ရက်သတ်မှတ်ရန်)

အလှူဒါန ပြုလုပ်မည့် နေ့ရက်နှင့် အချိန်ကို ကြိုတင် ညှိနှိုင်းသတ်မှတ်ပါ။

### ရှင်းလင်းချက်

ကွယ်လွန်သူသည် ပြိတ္တာ (တစ္ဆေ၊ သရဲ) ဘဝသို့ ရောက်ရှိနေပါက မကွယ်လွန်မီ နေထိုင်ရာ နေအိမ်၊ နေအိမ် ပတ်ဝန်းကျင်နှင့် အလုပ်လုပ်ခဲ့သော အလုပ်ဌာနတို့တွင် မှီတွယ် နေတတ်ပါသည်။ သို့မဟုတ်ပါကလည်း ခြေဦးတည့်ရာ လျှောက်သွား နေတတ်ပြီး နားခိုရန်နေရာနှင့် စားရန် အစာရေစာတို့ကို ပင်ပန်းကြီးစွာ လိုက်ရှာ နေတတ်ပါသည်။ ထိုအခြေအနေများ ကြောင့် အလှူလုပ်မည့်နေ့တွင် အဝေး တစ်နေရာသို့ ရောက်ရှိ နေတတ်ပါသည်။ ထိုအခါ အခြားနီးစပ်ရာ ပုဂ္ဂိုလ်များက ကွယ်လွန်သူများအား ရှာဖွေ ကူညီ စေလွှတ်ပေးနိုင်ရန်အတွက် ကြိုတင် အကြောင်းကြား သတင်းပို့ ထားနိုင်ရန် ဖြစ်ပါသည်။

## လုပ်ဆောင်ရန် (၂)

### (ကြိုတင် ဖိတ်ခေါ် အကြောင်းကြားရန်)

အလှူဒါနပြုမည့် __________ နေ့ __________ နာရီခန့်တွင် __________ ကွယ်လွန်သွားသူ __________ နေ့သား/သမီး၊ ဦး/ဒေါ်__________ သည် ရောက်ရာဘုံဘဝ ရောက်ရာ အရပ်မှ ၎င်းအတွက် ရည်စူး၍ အလှူဒါန ပြုလုပ်ရာ __________ မြို့၊ __________ လမ်း၊ အိမ်အမှတ် __________ သို့ ၊ လာရောက်ပြီး တရားနာယူ သာဓုခေါ်ပါရန် ကြိုတင် ဖိတ်ခေါ် အကြောင်းကြား အပ်ပါသည်။

### ရှင်းလင်းချက်

အလှူနေ့မတိုင်ခင် ကွယ်လွန်သူအား သတိရတိုင်း ကျန်ရစ်သူများက နှုတ်မှ အကြိမ်ကြိမ် ဖိတ်ခေါ် အကြောင်းကြားထား သင့်ပါသည်။

# လုပ်ဆောင်ရန် (၃)

## (ပဌာန်းဆက် ပုဂ္ဂိုလ်များအား အကူအညီတောင်းရန်)

ကွယ်လွန်သူ ဦး/ဒေါ် (__________) နှင့် ပဌာန်းဆက် ရှိတော်မူကြသော ကျေးဇူးရှင် အထက်ပုဂ္ဂိုလ်များသည် ကွယ်လွန်သူအား ရောက်ရာဘုံဘဝ၊ ရောက်ရာ အရပ်မှ (__________) နေ့တွင် ၎င်းအတွက် ရည်စူးပြုလုပ်မည့် အလှူအိမ်သို့ ကူညီ၍ စေလွှတ်ပေး တော်မူပါရန် ကြိုတင် မေတ္တာရပ် လျှောက်ထားပါ။

## ရှင်းလင်းချက်

သာမန်လူတစ်ယောက်က အကြောင်းကြား ဖိတ်ခေါ်ခြင်းထက် သာမန်လူထက် အဆင့်မြင့်သော မိမိတို့နှင့်လည်း အကြောင်းဆက်ရှိသော အထက်ပုဂ္ဂိုလ်များ၏ အမိန့် ၊ အာဏာက ပို၍ စူးရှထိရောက်သောကြောင့် ထိုပုဂ္ဂိုလ်များအား အကူအညီတောင်းခံရခြင်း ဖြစ်သည်။

## လုပ်ဆောင်ရန် (၄)

### (အရပ်ဒေသဆိုင်ရာ ပုဂ္ဂိုလ်များအား အကူအညီတောင်းရန်)

မိမိတို့ အရပ်ဒေသအလိုက် စောင့်ရှောက်တော်မူသော ပုဂ္ဂိုလ်များ၊ ဘိုးဘိုးများ (ရွှေတိဂုံဘိုးဘိုး၊ ဆူးလေဘိုးဘိုး၊ ဗိုလ်တစ်ထောင်ဘိုးဘိုး၊ ရွှေဘုန်းပွင့်ဘိုးဘိုး၊ စသည်ဖြင့်...)၊ အိမ်စောင့်နတ်၊ ခြံစောင့်နတ်၊ လမ်းစောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ တောစောင့်နတ်၊ တောင်စောင့်နတ်၊ ရွာတော်ရှင်၊ မြို့တော်ရှင်၊ ကွင်းပိုင်၊ နယ်ပိုင်စသော ပုဂ္ဂိုလ် များအား အမျှပေးဝေပါ။ ကွယ်လွန်သူ ဦး/ဒေါ် (__________) အား အလှူပြုလုပ်မည့်နေ့တွင် ရောက်ရှိနေသည့် ဘုံဘဝမှ အလှူပြုလုပ်ရာ နေရာသို့ ကူညီစေလွှတ်ပေးပါရန်နှင့် အနှောက်အယှက် အတားအဆီးများ ရှိပါကလည်း ဖယ်ရှားရှင်းလင်း ပေးပါရန် မေတ္တာရပ်ခံပါသည်။

### ရှင်းလင်းချက်

လူ့ပြည်လူ့ရွာတွင် အာဏာပိုင် အဖွဲ့အစည်း အဆင့်ဆင့်ဖြင့် အုပ်ချုပ်သကဲ့သို့ မမြင်ရသော ပရလောကတွင်လည်း အဆင့်ငယ်သူများသည် ၎င်းတို့ထက် အဆင့်ကြီးသူများ၏ အမိန့်အာဏာကို နာခံရပါသည်။ ထို့ကြောင့် အရပ်ဒေသနှင့် ဆိုင်သော ပုဂ္ဂိုလ်များကို အကူအညီ တောင်းခံခြင်း ဖြစ်ပါသည်။

တခါတရံ ကွယ်လွန်သွားသူက အလှူပြုလုပ်ရာနေရာသို့ တရားနာ ၊ ရေစက်ချ ၊ သာဓုခေါ်ရန် လာရောက် လိုသော်လည်း အနှောင့်အယှက်၊ အတားအဆီး များကြောင့် မလာနိုင်တာမျိုး ရှိတတ်ပါသည်။ အဝေးတစ်နေရာသို့ ခရီးလွန်နေသဖြင့် ၎င်းအား သတိပေးမည့် ပုဂ္ဂိုလ်မရှိလျှင် အလှူပြုလုပ်ပေးတာကို လုံးဝ မသိလိုက်တာ မျိုးလည်း ဖြစ်တတ်ပါသည်။ ထိုသို့ မဖြစ်စေရန် မေတ္တာရပ်ခံခြင်း ဖြစ်ပါသည်။

## လုပ်ဆောင်ရန် (၅)

**(ပင့်ဖိတ်ရန် အလှူခံပုဂ္ဂိုလ်များ)**

အလှူအတွက် ပင့်ဖိတ်သော ရဟန်း၊ သံဃာတော်များတွင် အကျင့်သီလ သိက္ခာသမာဓိ နှင့် ပြည့်စုံတော်မူသော သံဃာတော်များ ပါဝင်ရန် အလွန် အရေးကြီးပါသည်။ သို့မှသာ ကွယ်လွန်သူအတွက် ပို၍ အကျိုး သက်ရောက်မှု ရှိပေမည်။

**ရှင်းလင်းချက်**

အလှူခံပုဂ္ဂိုလ်မှာ သီလ မရှိသော ဒုသီလ ရဟန်းဖြစ်နေလျှင် ကွယ်လွန်သူ အနေဖြင့် ယင်းကုသိုလ်၏ အဖို့ဘာဂအမျှကို သာဓုမခေါ်နိုင်ပေ။ သာဓုမခေါ်နိုင်သဖြင့် ယင်းကုသိုလ် အတွက် ကောင်းကျိုးသုခကို မရရှိနိုင်ပေ။

**လုပ်ဆောင်ရန် (၆)**

**(သံဃာတော်များအား ပင့်ဖိတ်လျှောက်ထားနည်း)**

အကျင့်သီလ သိက္ခာသမာဓိနှင့် ပြည့်စုံတော်မူခြင်း ရှိမရှိကို မရွေးချယ်တတ်လျှင် ပုဂ္ဂလ ဓိဋ္ဌာန်ဖြင့် မလှူဘဲ သံဃာ အများကို ရည်စူး၍ (သံဃိက) အလှူအဖြစ် လှူဒါန်းရပါမည်။

သံဃိက ဒါနမြောက်အောင် ပင့်ဖိတ်နည်းမှာ -

"ကွယ်လွန်သူ ဦး/ဒေါ် (__________) အတွက် (__________) ရက်ပြည့် ဆွမ်းသွတ် အလှူဒါန ပြုလုပ် လှူဒါန်းလိုပါသဖြင့် အရှင်ဘုရား၏ ကျောင်းတိုက်မှ သံဃာတော် (__________) ပါး ကြွရောက် ချီးမြှင့် အလှူခံတော်မူပါ ဘုရား" ဟု ပင့်ဖိတ်ရာ ကျောင်းမှ အကြီးအကဲ ဆရာတော်အား လျှောက်ထားပါ။

## လုပ်ဆောင်ရန် (၇)

**(လှူဖွယ်ဝတ္ထုပစ္စည်းများ)**

ရဟန်း သံဃာတော်များအား လှူဒါန်းသော လှူဖွယ်ပစ္စည်းများသည် ဆွမ်း၊ ဆွမ်းဟင်း၊ ရေ၊ သပိတ်၊ သင်္ကန်း၊ ထီး၊ ယပ်၊ ဖိနပ်၊ နေကထိုင်ခင်း..... စသည်များ ဖြစ်သင့်ပါသည်။ ဘုရားကျောင်းတော်ဆောင်၊ ဇရပ်၊ သိမ်၊ ရေချမ်းစင်တို့ လှူဒါန်းနိုင်လျှင်လည်း ပို၍ ကောင်းမွန်ပါသည်။

**မှတ်ရန်။ ။ ငွေကြေးကို ဤကိစ္စအတွက် ဦးစားပေး မလှူသင့်ပါ။**

(ဆွမ်း၊ ဆွမ်းဟင်း) + (ရေ)+ (သင်္ကန်း) ပစ္စည်းသုံးမျိုးကို ဦးစားပေး လှူသင့်ပါသည်။ ငွေကြေးလှူလိုလျှင်လည်း (နဝကမ္မ) အလှူငွေဟု စာအိတ်ပေါ်တွင် ရေးပြီး လှူဒါန်းသင့်ပါသည်။ ငွေကြေးကို တိုက်ရိုက် အလှူမခံသော သံဃာများ ဖြစ်ပါက ဤသို့လျှောက်ထားပါ။

“ဆရာတော်ဘုရား၏ အပ်စပ်သော ပစ္စည်းလေးပါး အတွက် (_________) ကျပ်တန် ပစ္စည်းကို လှူဒါန်းပါ၏ ဘုရား၊ ကပ္ပိယ ကာယအား ညွှန်ကြားတော်မူပါဘုရား” ဟု လျှောက်ထားပြီး ကပ္ပိယ ကာယကမှ တဆင့်လှူဒါန်းပါ။

**ရှင်းလင်းချက်**

ကွယ်လွန်သူအတွက် ထိရောက်စွာ အကျိုးပေးသော လှူဖွယ် ပစ္စည်းများကို ရွေးချယ်တတ်ရန် အလွန်အရေးကြီးပါသည်။

**ဆွမ်း၊ ဆွမ်းဟင်း** ၊ရေ ၊ **သပိတ်၊** လှူပါက ကွယ်လွန်သူအတွက် အစာရေစာ ပြည့်စေပါသည်။ အစားဆင်းရဲခြင်း ဒုက္ခမှ လွတ်မြောက် ကင်းဝေး စေပါသည်။

**သင်္ကန်း** လှူပါက ကွယ်လွန်သူအတွက် အဝတ်တန်ဆာ၊ ပြည့်စုံစေပါသည်။ အဝတ်ဆင်းရဲ ဒုက္ခမှ လွတ်မြောက် ကင်းဝေးစေပါသည်။

**ထီး၊ ယပ်** လှူပါက ကွယ်လွန်သူအတွက် ပူပန်မှု ငြိမ်းအေးစေပြီး အေးချမ်းမှု မေတ္တာရိပ်နှင့် ပြည့်စုံစေပါသည်။ ပူလောင်ခြင်းဒုက္ခမှ လွတ်မြောက် ကင်းဝေးစေပါသည်။

**ဖိနပ်** လှူပါက ကွယ်လွန်သူအတွက် လိုရာခရီးကို ရောက်ရှိခြင်း ပြည့်စုံစေပါသည်။

**နေကထိုင်ခင်း၊ ဖျာ၊ ကျောင်း၊ ဇရပ်၊ သိမ်** လှူပါက ကွယ်လွန်သူအတွက် နားခိုရန်ဌာန ပြည့်စုံစေပါသည်။ အနေဆင်းရဲခြင်း ဒုက္ခမှ လွတ်မြောက် ကင်းဝေး စေပါသည်။

## လုပ်ဆောင်ရန် (၈)

### (အလှူနေ့နံနက်စောစောတွင် ဆောင်ရွက်ရန်)

အလှူပြုလုပ်မည့်နေ့တွင် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီးအား ဆွမ်း၊ ရေချမ်း၊ ဆီမီး၊ ပန်း၊ အမွှေးတိုင် တို့ကို ကပ်လှူ ပူဇော်ပါ။ ကွယ်လွန်သူသည် ယနေ့ ပြုလုပ်မည့် အလှူဒါနသို့ လာရောက်ပြီး တရားနာ သာဓု ခေါ်နိုင်စေရန် ဆုတောင်းခြင်း ပြုလုပ်ပါ။

### ရှင်းလင်းချက်

အချို့ ကွယ်လွန်ပြီး သူတို့သည် ပြိတ္တာ (တစ္ဆေ၊သရဲ) ဘဝသို့ ရောက်နေကြသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရောက်သည့် ဘဝတွင် ပျော်မွေ့ နေတတ်ပါသည်။ ကျွတ်ချင် လွတ်ချင်စိတ် မရှိကြသောကြောင့် အလှူဌာနသို့ လာရောက် ကြသော်လည်း သာဓု ခေါ်မသွားကြပါ။ ထို့ကြောင့် အလှူဌာနသို့ လာရောက်ရန်လည်း အရေးကြီး သလို သာဓုသုံးကြိမ် ခေါ်ဆိုရန်လည်း အရေးကြီးပါသည်။

## လုပ်ဆောင်ရန် (၉)

**(သံဃာတော်များ ကြွရောက် မလာမီ ဆောင်ရွက်ရန်)**

အလှူ မစခင်လေးတွင် ဘုရားစင်တွင် အနန္တော၊ အနန္တ ငါးပါး အား အမှူး ထား၍ ဘုရားရှင် ကိုယ်တော်မြတ်ကြီး အား ဆီမီးတိုင်၊ အမွှေးတိုင်တို့ကို ပူဇော်ပါ။ ပြီးနောက် ကွယ်လွန်သူ ဦး/ဒေါ် (__________) ကိုယ်စား ဘုရားရှင် ကိုယ်တော်မြတ်ကြီး အား ဆီမီးတိုင်၊ အမွှေးတိုင် တို့ကို လှူဒါန်းပါသည်ဟု ရွတ်ဆိုပြီး ထပ်မံ၍ ပူဇော်ပါ။

## လုပ်ဆောင်ရန် (၁၀)

**(သံဃာတော်များ ကြွရောက်လာသော်ဆောင်ရွက်ရန်)**

အလှူစတင်တော့မည် ဖြစ်ပါသဖြင့် ကွယ်လွန်သူ ဦး/ဒေါ် (__________)အား ကိုယ်တိုင်ကြွရောက် တရားနာ သာဓုခေါ်ရန် အတွက် ထပ်မံ ခေါ်ပါ။ မိမိနေထိုင်ရာ အိမ်၊ ခြံ၊ မြေ တို့ကို စောင့်ရှောက်သော ပုဂ္ဂိုလ်များနှင့်တကွ အိမ်စောင့်နတ်၊ ခြံစောင့်နတ် တို့သည်လည်း ကွယ်လွန်သူ ဦး/ဒေါ် (__________) ကို အိမ်တွင်းသို့ ဝင်ခွင့်ပြုပါရန်နှင့် နှောင့်ယှက်မည့် မည်သည့် အနှောင့်အယှက်ကိုမဆို ဖယ်ရှားရှင်းလင်းပေးရန် တို့ကို မေတ္တာရပ်ပါ။

## ရှင်းလင်းချက်

ကွယ်လွန်သူသည် အလှူအိမ်သို့ လာရောက်လိုသော်လည်း တစ်ဦးဦးက နောက်ယှက် ဟန့်တားသဖြင့် အလှူအိမ်ထဲသို့ ဝင်ခွင့်မရတာမျိုး ရှိတတ်ပါသည်။ အမှုဝေချိန်တွင် အခြား မိစ္ဆာတစ်ဦးဦးက အနိုင်ယူပြီး သာဓု မခေါ်နိုင်အောင် နှောင့်ယှက်တာမျိုး လည်း ရှိတတ်ပါသည်။

## လုပ်ဆောင်ရန် (၁၁)

**(အမျှဝေနည်း)**

တရားနာရေစက်ချအပြီး အမျှဝေသော် အချို့တရားချီးမြှင့်သော ဆရာတော်၊ သံဃာတော် များသည် အမျှဝေတတ်စေရန် နှုတ်မှ ရွတ်ဆို ပေးတတ်ပါသည်။ ထိုအခါ ဆရာတော်များ ရွတ်ဆို ပေးသည့်အတိုင်း လိုက်ဆို၍ အမျှဝေပါ။ (သို့မဟုတ်) ဆရာတော်များက အမျှဝေရန် နှုတ်မှရွတ်ဆိုမပေးပါက အလှူရှင်က ကွယ်လွန်သူ၏ အမည်နာမကို နှုတ်မှခေါ်ပြီး အမျှဝေပါ။

"ကွယ်လွန်သူ ဦး/ဒေါ် (__________) နှင့်တကွ (၃၁)ဘုံတွင် ရှိကြကုန်သော ပုဂ္ဂိုလ်အပေါင်း၊ သတ္တဝါအပေါင်းတို့သည် ကျွန်ုပ်တို့ လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ်အဖို့ ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြပါစေ၊ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ"

**ရှင်းလင်းချက်**

အချို့သည် ကွယ်လွန်သူ၏ အမည်ကို နှုတ်မှအော်၍ အမျှဝေခြင်းကို မပြုလုပ်ကြပါ။ သင်ပြုလုပ်ရန် မမေ့ပါနှင့်။ အများအားဖြင့် (အားလုံးကြားကြသမျှ အမျှ၊ အမျှ၊ အမျှ ယူတော်မူကြပါ) ဟု ရွတ်ဆို၍ အမျှဝေတတ်ကြပါသည်။ (အားလုံးကြားကြသမျှ အမျှ၊ အမျှ၊ အမျှ) ဟူသော အသုံးအနှုန်းသည် ကြားသည့်သူများအတွက်သာ ဟု ယူဆဖွယ် ဖြစ်နိုင်ပါသည်။

မိမိတို့အလှူဒါန၏ ကောင်းမှုအဖို့ ဘာဂတို့ကို အခြားဘုံဘဝများမှ သာဓု ခေါ်ဆိုလိုသူများသည် အလှူပြာနသို့ လာရောက်ရန် မလိုဘဲ ၎င်းတို့ရှိရာ ဘုံဘဝမှပင် ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ဆိုနိုင်ကြပါသည်။

မိမိတို့ ပြုလုပ်လိုက်သော အလှူဒါနသည် စူးရှထိရောက်မှု ရှိရင် ရှိသလောက် (၃၁)ဘုံသို့ ရောက်ရှိပြန့်နှံ့နိုင်ပါသည်။ ထို့ကြောင့် အမျှဝေရာတွင် (ကြားကြားသမျှ) ဟူသော အဓိပ္ပါယ် ကျဉ်းမြောင်းသည့် သဘောဟု ယူဆဖွယ် ဖြစ်စေသော အသုံးအနှုန်းကို မထည့်ထားခြင်း ဖြစ်ပါသည်။

# လုပ်ဆောင်ရန် (၁၂)

## (ရေစက်ချပြီးနောက်၊ ရေများကိုစွန့်ပစ်နည်း)

ရေစက်ချပြီးသော ရေများကို စုပေါင်း၍ သင့်တော်ရာနေရာတွင် မြေကြီးပေါ်သို့ သွန်ပါ။ နှုတ်မှလည်း အောက်ပါအတိုင်း ရွတ်ဆိုပါ။

*မဟာပထဝီ ဝသုန္ဒရေ၊ ဤမြေပံသု သီလာထုလည်း သက်သေအမှု တည်စေသော်၊ သာသနာတော်ကို စောင့်ကြပ်သော နတ်အပေါင်းတို့လည်း ကောင်းစွာ ကြားသိကြပါစေ။ ကျွန်ုပ်တို့၏ကျေးဇူးရှင်များဖြစ်ကြသော ဝိဇ္ဇာရှစ်သောင်း ဆရာအပေါင်းတို့လည်း ကြားသိကြပါစေ။ဤအရပ် ဤဒေသကို စောင့်ကြပ်ကြကုန်သော နတ်အပေါင်းတို့နှင့်တကွ ဝေမာနိက ပြိတ္တာ အပေါင်းတို့သည် လည်းကောင်း၊ ကျွန်ုပ်၏ အိမ်ခြံမြေ အပြင်တွင် သာခုခေါ်နိုင်ရန် အတွက် ရောက်ရှိကြကုန်သော မကျွတ်မလွတ်ကြကုန်သော သတ္တဝါအပေါင်းတို့သည် လည်းကောင်း၊ အခြား သိသင့်သိထိုက် ကုန်သော ပုဂ္ဂိုလ်အပေါင်းတို့သည် လည်းကောင်း၊ ကြားသိကြပါစေ။ အထက်ဘဝဂ်၊ အောက်အဝီစိ၊ (၃၁)ဘုံ ကျင်လည်ကုန်သော သတ္တဝါအပေါင်း တို့အားလုံး ကြားသိကြပါစေ သတည်း။ ငရဲသေနင်း၊ ယမမင်းလည်း ကြားသိကြပါစေသတည်း။ ကျွန်ုပ်တို့ လှူဒါန်းသော ကောင်းမှုအစုစု၏ ကုသိုလ် အဖို့ကို ကျွန်ုပ်တို့နှင့် ထပ်တူထပ်မျှ ရကြပါစေ။*

(အမျှ) သုံးကြိမ်ပေးဝေပါ။

## လုပ်ဆောင်ရန် (၁၃)

**(အလှူအိမ်မှ ပြန်ခွင့်ပြုရန်)**

အလှူပွဲပြီးဆုံးသော် ကွယ်လွန်သူ ဦး/ဒေါ် (__________) နှင့်တကွ အခြားသော ပုဂ္ဂိုလ်များအားလုံး၊ မိတ်ဆွေများ အားလုံး မိမိသွားလိုရာဌာနသို့ သွားနိုင်ပြီ ဖြစ်ကြောင်း မမေ့မလျော့ ပြောကြားပါ။ မေတ္တာရပ်ခံပါ။

**ရှင်းလင်းချက်**

တစ်ချို့သည် ပြန်လွှတ်ရန် မေ့နေတတ်ပါသည်။ ထိုအခါ မလိုလားအပ်သော နောက်ဆက်တွဲ အကျိုးဆက်များ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် ပြန်လွှတ်ရန် မမေ့ပါနှင့်။

### အကြံပြုချက် (၁)

**(ဦးဆောင်ပြုလုပ်မည့်သူ ရှိလျှင်ပိုကောင်းပါသည်)**

သာသနာပြု သတ္တဝါကယ် အလုပ်ကို ကုသိုလ်ဖြစ် ဆောင်ရွက်ပေးနေကြသော ဆရာတော်ကြီးများ၊ အထက်ဂိုဏ်းဆရာများ၊ ဆရာမကြီးများသည် အထက်ပုဂ္ဂိုလ်များကို ပင့်ဖိတ်နိုင်စွမ်းရှိကြသလို အောက်မိတ္တူ၊ သရဲ၊ တစ္ဆေ၊ စုန်း၊ ကဝေ... စသည်များကိုလည်း ဆင့်ခေါ်နိုင်စွမ်း ရှိကြပါသည်။

ထို့အတူ ကွယ်လွန်သွားသူကိုလည်း ရောက်ရာဘုံဘဝ၊ ရောက်ရာအရပ်မှ လာရောက် တရားနာ၊ သာဓုခေါ်ရန် ဖိတ်ခေါ်နိုင်စွမ်း ရှိကြပါသည်။ ထိုဆရာကြီးများက ဦးဆောင်ဦးရွက်ပြုပြီး ကွယ်လွန်သူအတွက် အလှူဒါနပြုလုပ်ခြင်း၊ အမျှဝေခြင်းတို့ကို ဆောင်ရွက် ပေးသော် သာမာန်လူပုဂ္ဂိုလ်များ ပြုလုပ်သည်ထက် ပို၍ထိရောက်မှု ရှိပါသည်။

အကယ်၍ ထိုသို့သော ဆရာကြီးများက ဆောင်ရွက်ပေးရန် အကြောင်း မညီညွတ်ပါက မိမိတို့မိသားစုထဲမှ သီလလုံခြုံသူ၊ ကံတစ်ပါးပါးကို အသက်ထက်ဆုံး ထိန်းထားသူ ရှိပါက ထိုသူများက ဦးဆောင်၍ အလှူဒါန ပြုလုပ်သင့်ပါသည်။ သို့မဟုတ် ပါကလည်း ရတနာသုံးပါးကို စွဲစွဲမြဲမြဲ ယုံကြည်ကိုးကွယ်သူ မိသားစု တစ်ဦးဦးက ဦးဆောင်၍ ပြုလုပ်သင့်ပါသည်။

ကျန်ရစ်သူတို့က နည်းစနစ်တကျ မှန်မှန်ကန်ကန် မလုပ်တတ် သောကြောင့် ကွယ်လွန်သူ တို့ခမျာ၊ ၎င်းတို့အတွက် ကုသိုလ်ကောင်းမှု အကြိမ်ကြိမ် လုပ်ပေးနေသည် ကိုပင် မသိရှိနိုင်ကြပါ။ ထို့ကြောင့် တတ်ကျွမ်းသော ပုဂ္ဂိုလ် တစ်ဦးဦးက ဦးဆောင်၍ ပြုလုပ်ပေးမည် ဆိုလျှင် ကွယ်လွန်သူအတွက် လွန်စွာ အကျိုးရှိနိုင်ပါသည်။

## အကြံပြုချက် (၂)

**(မိဘများ၏ နောက်ဆုံး မျှော်လင့်ချက်များကို ဖြည့်စွမ်းပေးကြပါ)**

မိဘများ ကွယ်လွန်သော် ၎င်းတို့တွင် နောက်ဆုံးမျှော်လင့်ချက် ကိုယ်စီရှိကြပေသည်။

"ငါတို့ကွယ်လွန်သော် သားသမီးများက ငါတို့အား ရည်စူး၍ ကုသိုလ် ကောင်းမှုပြုကြကာ ငါတို့အား အမျှပေးဝေခြင်းဖြင့် ငါတို့၏ သံသရာခရီး ဖြောင့်ဖြူးရေးအတွက် ထောက်ပံ့မှုများ ပြုပေးကြလိမ့်မည်ဟု" မိဘများ သက်ရှိထင်ရှား ရှိစဉ်က အကြောင်း အမျိုးမျိုးကြောင့် ထိုက်ထိုက်တန်တန် ကျေးဇူး မဆပ်နိုင်စေကာမူ သားသမီးများထံမှ ရလိုသော နောက်ဆုံး မျှော်လင့်ချက်ကို ကျန်ရစ်သူ သားသမီးများက လေးစားစွာ ပြုလုပ်ဆောင်ရွက် ပေးခြင်းဖြင့် ကျေးဇူးဆပ်ရာ ရောက်ပေသည်။

**အကြံပြုချက် (၃)**

**(ဖြစ်နိုင်လျှင် လှူဒါန်းမှုများကို မကြာခဏပြုလုပ်ပေးပါ)**

ကွယ်လွန်သူအတွက် ရည်စူး၍ ပြုလုပ်သော အလှူသည် ခုနစ်ရက်ပြည့် ရက်ဆွမ်းသွတ် အလှူလောက်သာ ပြုလုပ်ကြခြင်းမျိုး မဟုတ်ဘဲ ကွယ်လွန်သူအား ချစ်ခင် လေးစားသောအားဖြင့် ကွယ်လွန်ပြီး တစ်လပြည့်၊ တစ်နှစ်ပြည့်၊ နှစ်နှစ်ပြည့်... အထိမ်းအမှတ် အဖြစ် တတ်နိုင်သလောက် တစ်ဦးခြင်းဖြစ်စေ၊ သားသမီး၊ ညီအစ်ကို မောင်နှမများ စုပေါင်း၍ဖြစ်စေ လှူဒါန်းမှုများကို မကြာခဏ ပြုလုပ်ပေးသင့်ပါသည်။

*ကျန်ရစ်သူတို့က တစ်ကြိမ်၊ နှစ်ကြိမ်ခန့် တာဝန်ကျေရုံ အလှူဒါန ပြုလုပ်ပေးရုံဖြင့် ကွယ်လွန်သူသည် သာဓုခေါ်နိုင်ပြီး ကောင်းမွန်ရာဘဝသို့ ရောက်သွားမယ်လို့ ပုံသေ တထစ်ချ သတ်မှတ်၍ မရပါ။ ကွယ်လွန်သွားသူတွင် သာဓုခေါ်ရန် အဆင်မပြေသော*

*အကြောင်းများ ရှိနေပါက အကြိမ်များစွာ အလှူပေး အမျှဝေ နေလျက်နှင့် လပေါင်း နှစ်ပေါင်း များစွာ ပြိတ္တာဘဝတွင် မကျွတ်မလွတ်နိုင်ဘဲ ရှိနေတတ်သည်ကို အထူး သတိပြု စေလိုပါသည်။*

ထို့ကြောင့် ဖြစ်နိုင်လျှင် ကွယ်လွန်သူများအတွက် စေတနာ မေတ္တာထား၍ မကြာခဏ အလှူဒါန ပြုလုပ်ပေးကြရန် မိမိတို့တွင် တာဝန်ရှိသလို၊ မိမိတို့ ကွယ်လွန်သွားကြသော အခါတွင်လည်း ကျန်ရစ်သူများက ဆက်လက်ပြုလုပ်ကြရန် တာဝန် ကိုယ်စီ ရှိကြပေသည်။

ကွယ်လွန်သွားကြသော မိဘ၊ သားချင်းများအပေါ် ကျန်ရစ်သူတို့က တာဝန် ကျေပြွန် နိုင်ကြပါစေ။

ပြည်ကျော်လွင် (ပညာရေး)

ဖုန်း-၇၀၉၅၁၉